**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (050/2010)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၅၀/၂၀၁၀)

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၀၂) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၀၈) ရက်နေ့အထိ

နအဖ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

## အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်

- ရခိုင်ပြည်နယ် မြေပုံမြို့နယ်နှင့် မိုင် ၅၀ အကွာရှိ ဂီရိလေဘေးဒဏ်ခံရသော ရက်ချောင်း၊ ရေချိန်၊ မိုးသီးနတ်တောင် ကျေးရွာအုပ်စု များတွင် အသက်အရွယ်မပြည့်သေးသော ကလေးငယ်များကို စစ်သားအဖြစ် စကခ ၅ မှ ဗိုလ်ကြီး အောင်သူငြိမ်းက စုဆောင်း နေသည်ဟု လေဘေးကယ်ဆယ်ရေး လုပ်နေသူတစ်ဦးက ပြောသည်။ **(Narinjara 030111)** Read More...
- နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အနုပညာ နယ်ပယ်နှင့် မီဒီယာလုပ်ငန်းတို့မှ လူပေါင်း ၃၀၀၀ ကျော်တို့၏ **GSM** နှင့် **CDMA** စသည့် မိုဘိုင်းဖုန်းများကို ကြားဖြတ်ခိုးယူနားထောင်ရန်အတွက် စစ်ဘက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ (စရဖ) အဖွဲ့ဝင် ၂၀ ကျော်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာ ၁ ဦးတို့သည် အလှည့်ကျနှုန်းဖြင့် ၂၄ နာရီ တာဝန်ယူ အကောင်အထည်ဖော်နိုင်ရန် စီစဉ်နေသည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(Irrawaddy 040111)** Read More...
- နေပြည်တော်ခရိုင်ရှိ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များအပါအဝင် ကွမ်းယာဆိုင်ပါမကျန် ဆိုင်များအား လုံးကို ဇန်နဝါရီ ၁ရက် နေ့မှစ၍ ည ၉ နာရီပိတ်ရန် နေပြည်တော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့် ထုတ်ပြန်ထားကြောင်း သတင်းတပ်ဖွဲ့ (ပျဉ်းမနား)မှ အရာရှိတစ်ဦးက ပြောသည်။ **(Irrawaddy 040111)** Read More...
- ကရင်ပြည်နယ် ဝေါလေဒေသတွင် ဝင်ရောက်လှုပ်ရှားနေသည့် နအဖ စစ်ကွပ်ကဲရေးဌာနချုပ်–စကခ (၁၉) လက်အောက်ခံ ခမရ (၅၈၆) တပ်ခွဲ(၁)မှ တပ်သား ဝင်းရန်နိုင် ၂၀ နှစ် ကိုယ်ပိုင်အမှတ် တ/၄၃၂၄၇၀ သည် နိုဝင်ဘာ ၄ ရက်နေ့မွန်းလွဲ ၂း၃၀ နာရီအချိန်တွင် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** ထံသို့ လက်နက်အပြည့် အစုံနှင့် ထပ်မံလာရောက် လက်နက်ချခဲ့သည်ဟု **DKBA** တပ်မဟာ (၅) မှ ဗိုလ်မှူးစောဆန်းအောင်က ပြောသည်။ **(KIC 040111)** Read More...
- ထောင်အကျဉ်းသားများနှင့် နအဖ စစ်ကွပ်ကဲရေးဌာနချုပ်(၁၂) လက်အောက်ခံ တပ်သားများ အပြည့်တင်ဆောင် လာသည့် စစ်ကား ၅ စီးသည် မြဝတီမြို့ကိုဖြတ်၍ တောင်ဘက်ခြမ်းရှိ ဝေါလေဒေသဘက်သို့ ဇန်နဝါရီ ၄ ရက်နေ့တွင် ထပ်မံ မောင်းနှင်းလာခဲ့ပြီး ယင်း တပ်အင်အား ၅၀၀ ခန့်ထဲတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင် ၅၀ ခန့် ပါဝင်နေသည်ဟု



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

ဝေါ်လေဒေသရှိ ကရင်အမျိုးသားအစည်းအရုံး **KNU** တပ်ရင်း(၂၀၁) ဒုရင်းမှူး ဗိုလ်မှူး စောကြည်အောင်က ပြောသည်။ **(KIC 040111)** **Read More...**

- မန္တလေး မဟာအောင်မြေမြို့နယ်အတွင်းရှိ တစ်နိုင်တစ်ပိုင် စက်သုံးဆီဆိုင် ၈၁ ဆိုင်ကို ခရိုင်အဆင့်ရှိ အာဏာပိုင်များ၏ အမိန့်ဖြင့် တစ်ပတ်အတွင်း အပြီးဖျက်သိမ်းကြရန် ညွှန်ကြားထားကြောင်း၊ သတ်မှတ်ရက်အတွင်း မပြောင်းရွှေ့ပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဟု ခြိမ်းခြောက်ထားသဖြင့် ဆီရောင်းချသူများ စိုးရိမ်ထိန့်လန့်နေကြကြောင်း ခတ်ဆီဆိုင်ရှင်တစ်ဦးက ပြောသည်။ **(Irrawaddy 050111)** **Read More...**
- လွန်ခဲ့သော ဒီဇင်ဘာ ၂၁ ရက်နေ့ က ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် လွယ်မွေအခြေစိုက် နအဖ ရေဒါတပ်စခန်း ပေါ်တွင် ပျံဝဲနေသော အမေရိကန်လုပ် မောင်းသူမဲ့ အမည်မသိ **UAV Unmanned Aerial Vehicle** လေယာဉ်တစ်စီးကို တွေ့ရှိရာ နောက်တစ်ကြိမ် ထပ်မံတွေ့ရှိပါက ပစ်ချရန် လေကြောင်းရန်ကာကွယ်ရေး စစ်ဌာနချုပ်က အမိန့်ထုတ်ထားကြောင်း ကျိုင်းတုံ စစ်အာဏာပိုင်များနှင့် နီးစပ်သူတစ်ဦးကပြောသည်။ **(S.H.A.N 050111)** **Read More...**
- နအဖ စစ်အစိုးရ တပ်ဖွဲ့ဝင်များသည် ဗျူဟာအလိုက် တပ်ရင်းပေါင်းများစွာဖြင့် ကေအဲန်ယူ တပ်မဟာ(၆)နှင့် တပ်မဟာ(၇) နယ်မြေများကို ရှင်းလင်းရန်အတွက် လက်နက်ကြီးငယ်၊ ရိက္ခာ၊ ဆေးပစ္စည်း အစုံအလင်ဖြင့် ဇန်နဝါရီလ ၅ရက်နေ့က နယ်စပ်ဘက်သို့ ရောက်ရှိလာသည်ဟု ကိုယ်တိုင်မြင်တွေ့ခဲ့သူ ခရီးသည်တစ်ဦးက ပြောသည်။ **(KIC 070111)** **Read More...**
- ထိုင်း–မြန်မာနယ်စပ်တွင် ၂ လကြာတိုက်ပွဲများဖြစ်ပွားနေသော တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်မတော် **DKBA** ခေါင်းဆောင် ဗိုလ်ချုပ်စောလားဘွယ် (ခ) ဗိုလ်ချုပ်နတ်ခမ်းမွေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးလိုသည်ဟု နအဖ ဗိုလ်ချုပ်သက်နိုင်ဝင်းက တယ်လီဖုန်းမှတဆင့် ကမ်းလှမ်းမှုများ ပြုလုပ်လာသည်ဟု ဗိုလ်ချုပ်နတ်ခမ်းမွေးက ပြောသည်။ **(VOA 070111)** **Read More...**
- နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ၏ ဝန်ကြီးဌာန (၃၆) ခုကို ပြန်လည်ပေါင်းစည်းကာ ဝန်ကြီးဌာန (၁၈) ခုအထိ ဇန်နဝါရီလကုန်မှစတင်ကာ ပြင်ဆင်ဖွဲ့စည်းသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲတွင်အနိုင်ရခဲ့သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ လွှတ်တော်ကိုယ်စားလှယ် ဝန်ကြီးများနေရာတွင် လက်ရှိဒုဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များကို အစားထိုးခန့်အပ်သွားမည်ဟု အမည်မဖော်လိုသည့် အစိုးရအရာရှိတစ်ဦးက အတည်ပြုပြော ကြားလိုက်သည်။ **(DVB 070111)** **Read More...**

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

- ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် ၁ တွင် အနိုင်ရ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** ကိုယ်စားလှယ် ဦးလှမောင်သိန်းကို မဲလိမ်သည်ဟုဆိုကာ ရှုံးနိမ့်သူ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ် ဦးသိန်းမောင်က ကော်မရှင်ထံသို့ တိုင်ကြားလိုက်ကြောင်း **RNDP** ဥက္ကဋ္ဌ ဒေါက်တာ အေးမောင်က ပြောသည်။ **(Mizzima 030111)** **Read More...**
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲအကြိုကာလ အသုံးစရိတ် ငွေစာရင်းများကို ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြပ်မတ်စစ်ဆေးရန် လိုအပ်နေသည်ဟု ရွေးချယ်ခြင်းမခံလိုက်ရသော ကိုယ်စားလှယ်လောင်းများက တိုက်တွန်းတောင်းဆိုလိုက်ကြသည်။ **(DVB 040111)** **Read More...**
- ပြည်သူ့လွှတ်တော်ကို ဇန်နဝါရီ ၁၄ ရက်နေ့တွင် စတင်ခေါ်ယူမည်ဖြစ်ပြီး တရားဝင်စာ ထုတ်ပြန်ခြင်းမရှိသေးဟု အမတ်နေရာ အများဆုံးရသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** အမျိုးသားလွှတ်တော်အမတ် ဇေကမ္ဘာ ကုမ္ပဏီ ပိုင်ရှင်လည်းဖြစ်သူ ဦးခင်ရွှေက ပြောသည်။ **(Mizzima 050111)** **Read More...**
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** လွှတ်တော်အမတ်များသည် အဂတိလိုက်စားမှုနှင့် အပျော်အပါး လိုက်စားမှုရှိနေကြောင်း တိုင်စာများရရှိပြီးနောက် ၎င်းတို့ကို စိစစ်အရေးယူရန် ဇန်နဝါရီ ၂–၃ ရက်နေ့များတွင် နေပြည်တော်၌ ကျင်းပခဲ့သည့် ပါတီထိပ်တန်းခေါင်းဆောင် ၃၀၀ ကျော် တက်ရောက်ခဲ့သော အစည်းအဝေးက ဆုံးဖြတ်လိုက်သည်ဟု အစည်းအဝေးတက်ရောက်ခဲ့သူ ပါတီဝင်တစ်ဦးက ပြောသည်။ **(Mizzima 060111)** **Read More...**



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ဘတ်ဂျက်ငွေများကို သက်ဆိုင်ရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ၏ ထောက်ခံစာနှင့်အတူ တင်ပြမှသာ ဦးစားပေး ခွင့်ပြုမည်ဟု ချင်းပြည်နယ် ယာယီဥက္ကဌ ဦးငွန်းစန်းအောင်က ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ဖလမ်းမြို့သို့သွားရောက်စဉ် ပြောဆိုခဲ့ကြောင်း ဖလမ်းဒေသခံ တစ်ဦးက ပြောသည်။ **(Khonumthung 060111)** [**Read More...**]
- ၂၀၁၀ ရွေးကောက်ပွဲတွင် ကြိုတင်မဲနှင့် အနိုင်ရယူခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ၏ ကိုယ်စားလှယ်အရေအတွက်သည် ၁၀ ဦးမှ ၂၀ ဦးအထိ ရှိနိုင်သည်ဟု ရန်ကုန်တိုင်းဒေသကြီး တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်း မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရခဲ့သည့် **USDP** အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဇေကမ္ဘာ ဦးခင်ရွှေ က ပြောဆိုလိုက်သည်။ **(RFA 060111)** [**Read More...**]
- စစ်အစိုးရမှ တရားဝင်ကြေညာခြင်းမရှိသော်လည်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်များ၏ နေပြည်တော်တွင် တွေ့ဆုံဆွေး နွေးမှုများ၏ ကြိုတင်အစီအမံများကြောင့်လွှတ်တော်များ၊ အစိုးရသစ်များ ဖွဲ့စည်းရေးသည် အချိန်တိုတိုအတွင်း ဖြစ်နိုင်သည်ဟု အမျိုးသား ဒီမိုကရေစီအင်အားစု **NDF** ၏ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏစိုးက ပြောသည်။ **(VOA 060111)** [**Read More...**]
- လွှတ်တော်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းမည့် စစ်တပ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း အတွက် ဗိုလ်ကြီးနှင့် ဗိုလ်မှူးအဆင့် စစ်တပ်အရာရှိများကို ရွေးချယ်ပြီး လွှတ်တော်တွင်း လုပ်ဆောင်ရမည့် ကိစ္စများနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** နှင့်ပူပေါင်း ဆောင်ရွက်ရမည့် နည်းလမ်းများကို နေပြည်တော်တွင် ခေါ်ယူသင်တန်းပေးနေသည်ဟု **USDP** မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(BBC 060111)** [**Read More...**]
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **(USDP)** သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ် မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ရပ်ကွက်များတွင် လူငယ် ပါတီဝင် ရရှိရေးအတွက် လမ်းခင်းပေးမည်ဟုဆိုကာ စည်းရုံးနေကြောင်း ဒေသခံများက ပြောသည်။ **(Irrawaddy 070111)** [**Read More...**]
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က ၂၀၁၁ ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲတွင် ကန်တော့ခံစာပေပညာရှင်ကြီးတစ်ဦးလျှင် ကျပ်ငါးသောင်း(၅၀၀၀၀)နှုန်းဖြင့် ပါဝင်လှူဒါန်းခဲ့သည်ဟု ပါတီ၏ ဗဟို အလုပ်အမှုဆောင်ကော်မတီဝင်၊ ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးအောင်သိန်းလင်းက ပြောသည်။ (**Popular News 030111)** [**Read More..**]

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- နိုင်ငံရေးအကျဉ်းသားများ ကူညီထောက်ပံ့ရေးနှင့် လူမှုအထောက်အကူပြုရေး ရန်ပုံငွေအဖြစ် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် **NLD** က ဇန်နဝါရီ ၂ ရက်နေ့တွင် ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့အကြို ရန်ပုံငွေဈေးရောင်းပွဲကို ဒေါ်အောင် ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်ခဲ့ကာ လာရောက်အားပေးသူအလွန်များပြားပြီး ညနေ ၄ နာရီ ပိတ်ချိန်အထိ အကြမ်းဖျင်း သိန်း ၅၀ ကျော်ဖိုး ရရှိခဲ့သည်ဟု ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(RFA 020111)** [**Read More...**]
- အမျိုးသားရင်ကြားစေ့ရေးအတွက် ပထမခြေလှမ်းအဖြစ် "၂၂၀၀ ကျော်ကို အခုလွှတ်" ဟူသော ခေါင်းစဉ်ဖြင့် နိုင်ငံရေး အကျဉ်းသားများ ပြန်လွှတ်ပေးရန် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားနေသည့် ပြည်တွင်းအခြေစိုက် သံဃာ၊ ကျောင်းသား မြေအောက်အဖွဲ့အစည်း ၁၁ ဖွဲ့တို့မှ ဇန်နဝါရီ ၂ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ကာ စစ်အစိုးရကို တောင်းဆိုလိုက်သည်။ **(Mizzima 030111)** [**Read More...**]
- မြန်မာနိုင်ငံတွင် စစ်မှန်သော လွတ်လပ်ရေး ပေါ်ထွန်းရန် တိုင်းရင်းသား ပြည်သူများ အားလုံး ညီညွတ်စွာဖြင့် ကြိုးစား ဆောင်ရွက်ရန် လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်တွင် နိုဝင်ဘာ ၄ ရက်နေ့တွင် ကျင်းပသည့် ၆၃ ကြိမ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပြောဆိုလိုက်သည်။ **(Irrawaddy 040111)** [**Read More...**]



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- နိုင်ငံရေးအကျဉ်းသားများ ကူညီရေးနှင့် လူမှုအထောက်အကူပြုရေး ရန်ပုံငွေအတွက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **NLD** က ဇန်နဝါရီလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့သည့် ဈေးရောင်းပွဲတော်တွင် လူပေါင်းထောင်နှင့်ချီ၍ လာရောက်ခဲ့ပြီး ကျပ်သိန်း ၂၀၀ ကျော်ဖိုး ရောင်းချခဲ့ရသည်ဟု **NLD** လူငယ်တာဝန်ခံ တစ်ဦးဖြစ်သူ ကိုရာဇာက ပြောသည်။ **(Irrawaddy 040111)** [Read More...]
- နိုင်ငံရေးအကျဉ်းသား ၃၀၀ ကျော်၏ မိသားစုများအားကူညီရန်အတွက် စေတနာ့ဝန်ထမ်း တစ်ဦးစီထားရှိရန် ၄င်း နိုင်ငံရေးအကျဉ်းသား တစ်ဦးချင်းစီနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ရင်ထိုးပြားများ ပြုလုပ်ကာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဝင်များနှင့် စေတနာရှင်များက မဲနှိုက်ရွေးချယ် ကူညီမှု အစီအစဉ်ကို **NLD** ရုံးချုပ်တွင် ကျင်းပသော ၆၃ နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား၌ ထည့်သွင်းပြုလုပ်ခဲ့သည်ဟု ပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က ပြောသည်။ **(Mizzima 040111)** [Read More...]
- ဇန်နဝါရီ ၄ ရက်နေ့၊ ၆၃ နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဝင်များ က ဦးစီးပြီး မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် တွံတေးမြို့နယ်တို့တွင် ကျင်းပခဲ့ကြောင်း မန္တလေးတိုင်းအဖွဲ့ချုပ် မြို့နယ် ၁၀ မြို့နယ်မှ အဖွဲ့ဝင်များ စုပေါင်းပြီး တိုင်း ဥက္ကဌ၏ နေအိမ်၌ပြုလုပ်သည့်အခမ်းအနားတွင် ပါဝင်ခဲ့သူ မြို့နယ်စည်း အဖွဲ့ဝင် ဦးမျိုးနိုင်က ပြောသည်။**(DVB 040111)** [Read More...]
- နိုင်ငံရေးလှုပ်ရှားသူများ အမှုအခင်းအပါအဝင် မတရား တရားစွဲခံရသူများဘက်မှ အခမဲ့ အကျိုးဆောင်ပေးရန် ရှေ့နေ ကွန်ယက်ဖွဲ့စည်းရေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုဥပဒေ အထောက်အကူပြုအဖွဲ့မှ နိုင်ငံတဝှမ်း လှည့်လည်ဆွေးနွေးလျက်ရှိရာ စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ ရှေ့နေ ၉ ဦးက သဘောတူလိုက်ကြသည်ဟု မုံရွာမြို့မှ ရှေ့နေကြီး ဦးစောထွန်းက ပြောသည်။ **(Mizzima 050111)** [Read More...]
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုဥပဒေအထောက်အကူပြု အဖွဲ့ဝင်များသည် တိုင်းနှင့်ပြည်နယ်များတွင် ရှေ့နေ ကွန်ရက်များ တည်ဆောက်နိုင်ရန်အတွက် နယ်လှည့်ပြီး စိတ်ဝင်စားသည့်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာတွင် ခရီးစဉ် အစဖြစ်သော မန္တလေးမြို့တွင် လူငယ်များ ပိုမို စိတ်ဝင်စားမှု ရှိကြောင်း တွေ့ရှိရသည်ဟု အဖွဲ့ချုပ်ဝင် ရှေ့နေကြီး ဦးအောင်သိန်းက ပြောသည်။ **(VOA 050111)** [Read More...]
- ကိုလိုနီလက်အောက်မှ လွတ်မြောက်ရန် အမျိုးသားရေးစိတ်ဓာတ်ကို မွေးမြူခဲ့ရသကဲ့သို့ လွတ်လပ်ရေး ရရန် ပြည်ထောင်စုစိတ်ဓာတ်ကို ပျိုးထောင်ခဲ့ရသည်ဖြစ်ရာ မြန်မာနိုင်ငံတွင်ပြည်ထောင်စု စိတ်ဓာတ်က ပိုမိုအဓိကကျအရေး ကြီးသည်ဟု ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ **CRPP** အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ **(RFA 050111)** [Read More...]
- မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းမြို့၌ပြုလုပ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ၏ (၆၃) နှစ်မြောက် လွတ်လပ် ရေးနေ့ အခမ်းအနားတွင် (၂၁) ရာစု ပင်လုံညီလာခံကို ထောက်ခံကြောင်းအပါအဝင် ဒီမိုကရေစီကွန်ယက် ဖြစ်မြောက် ရေး ဆုံးဖြတ်ချက်များနှင့် တောင်ဆိုချက် (၂)ချက်အဖြစ် နိုင်ငံရေးအကျဉ်းသားအားလုံး အမြန်ဆုံးပြန်လွှတ်ပေးရန်နှင့် အားလုံးပါဝင်သော တွေ့ဆုံဆွေးနွေးရေး ပြုလုပ်ရန်တို့ကို တောင်းဆိုချမှတ် ထုတ်ပြန်လိုက်သည်။ **(Yoma3 050111)** [Read More...]
- ဒေါ်အောင်ဆန်းစုကြည် ပြောဆိုနေသည့် ၂၁ ရာစုပင်လုံညီလာခံ ခေါ် ဒုတိယပင်လုံညီလာခံသည် နိုင်ငံရေး ပြဿနာ ဖြေရှင်းရေးအတွက် သုံးပွင့်ဆိုင်ဆွေးနွေးရေးသာဖြစ်သင့်ကြောင်း ရှမ်းတိုင်းရင်းသားများဒီမိုကရေစီ အဖွဲ့ချုပ် **SNLD** မှ ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်က ပြောသည်။ **(S.H.A.N 060111)** [Read More...]
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** မှ စစ်အစိုးရအပေါ် တရားစွဲဆိုထားခြင်းကို ဗဟိုတရားရုံးမှ ပယ်ချလိုက်မှုနှင့် ပတ်သက်၍ ပါတီဖျက်သိမ်းမှု အယူခံလွှာတင်ရန်အတွက် ဇန်နဝါရီ ၆ ရက်နေ့ နံနက် ၁၀ နာရီတွင် ပါတီဗဟို ဥပဒေ အထောက်ကူပြု အဖွဲ့ဝင်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးခဲ့သည်ဟု ရှေ့နေကြီး ဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 060111)** [Read More...]
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဇန်ဝါရီလ (၇) ရက်နေ့တွင် စတင်ခဲ့သည့် ၆၃ နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်း အမှတ် မနောပွဲတွင် ကချင်ပြည်နယ်လုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂမှ စစ်အစိုးရ ဆန့်ကျင်ရေးစာများ ဖြန့်ဝေခဲ့ ကြောင်း ကချင်ကျောင်းသားသမဂ္ဂအဖွဲ့ဝင်တစ်ဦးက ပြောသည်။ **(Irrawaddy 070111)** [Read More...]



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- ဒုတိယအကြိမ်မြောက် ပင်လုံညီလာခံခေါ်ယူပြီး တိုင်းရင်းသားခေါင်းဆောင်များ အားလုံး သဘောတူညီချက် ရရန်အတွက် လုပ်ဆောင်သည့်နေရာတွင် အဆင့် ၃ ဆင့်ခွဲ လုပ်ဆောင်သွားရန်နှင့် ပထမအဆင့်ကို ဇန်နဝါရီလ ၂၈ ရက်နေ့တွင် စတင်အကောင်အထည်ဖော်ရန် ဇန်နဝါရီ ၇ ရက်နေ့၌ ပြုလုပ်သော **CRPP** ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မီတီ၏ လစဉ် ပုံမှန်အစည်းဝေးတွင် ဆုံးဖြတ်လိုက်သည်ဟု **CRPP** အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ **(VOA 070111)** **Read More...**, **RFA...**
- ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ တွေ့ဆုံဆွေးနွေးပွဲအပြီး တက်ရောက်ခဲ့သော လူငယ်အချို့က အမျိုးသား လူငယ်ကွန်ယက် ဆိုသည့်အဖွဲ့တစ်ခုကို ဖွဲ့စည်းထူထောင်လိုက်ပြီး ယင်းလူငယ်အချင်းချင်းကြား အပြန်အလှန် ဆက်သွယ်နိုင်မည့် ကွန်ယက်မှတဆင့် လူမှုရေးနှင့်အတူ နိုင်ငံရေး ဆိုင်ရာများကိုပါ ပူပေါင်းဆောင်ရွက်သွားမည်ဟု အဖွဲ့ဦးဆောင်သူတစ်ဦးဖြစ်သော ကိုမျိုးရန်နောင်သိန်းက ပြောသည်။ **(VOA 070111)** **Read More...**
- နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ကို မလွှတ်ပေးဘဲ အစိုးရသစ်မဖွဲ့သင့်ကြောင်း လားရှိုးထောင်တွင် အကျဉ်းကျခံနေရသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းဇေယျာက ပြောသည်။ **(DVB 080111)** **Read More...**

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ဇန်နဝါရီ ၄ ရက်နေ့ လွတ်လပ်ရေးနေ့သည် ရခိုင်လွတ်လပ်ရေးမပါ ဗမာလွတ်လပ်ရေးသာ ဖြစ်နေသည့်အတွက် ၂၀၁၁ ခုနှစ်တွင် စစ်ရေးအရှိန်မြှင့်ရန် ရည်မှန်းချက်ဖြင့် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် **ALA** က ဇန်နဝါရီ ၃ ရက်နေ့ တွင် ပလက်ဝမြို့နယ်အခြေစိုက် နအဖ စစ်စခန်းတစ်ခုအား ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နအဖဘက်မှ ၄ ဦးကျဆုံးခဲ့ ကြောင်း ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၏ တွဲဘက်အတွင်းရေးမှူး ၂ ခိုင်သုခက ပြောသည်။ **(Narinjara 050111)** **Read More...**
- စစ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှု အမျိုးမျိုးကို ခံစားနေကြရသော ကရင်လူမျိုးများသည် ကိုယ့်အသက် လုံခြုံမှု ရရှိရန်အတွက် နေရပ်စွန့်ခွာ ထွက်ပြေးနေကြရသောကြောင့် ကရင်လူမျိုးများ၏ ဇန်နဝါရီ ၅ ရက်နေ့တွင်ကျရောက်သည့် ရိုးရာနှစ်သစ်ကူးပွဲတော်ကို လက်ရှိအခြေအနေတွင် ပျော်ရွှင်စွာ လွတ်လွတ် လပ်လပ် ဆင်နွှဲနိုင်ခြင်းမရှိဟု ကရင်အမျိုးသားအစည်းအရုံး **KNU** ၏ အတွင်း ရေးမှူး နော်စီဖိုးရာစိန်က ပြောသည်။ **(VOA 050111)** **Read More...**
- ကရင်ပြည်နယ် မြဝတီခရိုင် ဝေါ်လေဒေသ ကနဲလေးစခန်းရှိ နအဖ စကခ(၈) လက်အောက်ခံ ခမရ(၄၀၄) တပ်ရင်းအား ဇန်နဝါရီ ၆ ရက်နေ့ နံနက်နှင့် မွန်းလွဲပိုင်းတို့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ **KNLA** မှ ၂ ကြိမ်ဆက်တိုက် ပြောက်ကျား သွားရောက်ပစ်ခတ်ခဲ့မှုကြောင့် နအဖဘက်မှ ၆ ဦးသေဆုံးပြီး ၃ ဦးဒဏ်ရာ ရရှိခဲ့သည်ဟု ဝေါ်လေဒသရှိ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** တပ်မဟာ ၅ မှ တပ်မှူးတစ်ဦးက ပြောသည်။ **(KIC 060111)** **Read More...**

## (ဂ) ပြည်ပအင်အားစုများ

- ကရင်လူငယ်များ၏ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ အမျိုးသားတော်လှန်ရေးအပြင် မြန်မာနှင့် ကမ္ဘာ့အခြေအနေ များကို တတိယနိုင်ငံရောက် လူငယ်များ မျက်ခြေမပြတ်သိရှိစေရန် ရည်ရွယ်၍ ဩစတြေးလျနိုင်ငံ မဲလ်ဘုမ်းမြို့တွင် ဩစတြေးလျနိုင်ငံလုံးဆိုင်ရာ ကရင်လူငယ်နှီးနှောဖလှယ်ပွဲတစ်ရပ်အား ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်နေ့အထိ ကျင်းပခဲ့ကာ တက်ရောက်သူစုစုပေါင်း ၂၃၀ ကျော်ရှိသည်။ **(KIC 030111)** **Read More...**
- မွန်လူထုကို အခြေခံသည့် မွန်အမျိုးသားရေးရာအဖွဲ့သည် ၂၁ ရာစု ပင်လုံညီလာခံဖြစ်ပေါ်လာရေးကို ကြိုဆို ထောက်ခံကြောင်း ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၁–၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် အလုပ်အမှုဆောင် ကော်မတီ အစည်းအဝေး၌ ဆုံးဖြတ်ခဲ့သည်ဟု မွန်အမျိုးသားရေးရာအဖွဲ့ အထွေထွေ အတွင်းရေးမှူး နိုင်လရီရော့က ပြောသည်။ **(IMNA 060111)** **Read More...**



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
“Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

[အပစ်ရပ်အဖွဲ့အစည်းများ]

[နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ]

- ကချင်လွတ်မြောက်ရေး **KIO** အဖွဲ့က နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးကို ငြင်းပယ်ခဲ့သောကြောင့် စစ်အစိုးရနှင့် တင်းမာမှုများရှိနေချိန်တွင် ၂၀၁၁ ခုနှစ်ကို မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသည့် နှစ်တစ်နှစ်ဖြစ်လာရန် မျှော်လင့်နေသည်ဟု **KIO** ဒုတိယ ကာကွယ်ရေးဦးစီး ဗိုလ်မှူးချုပ်ဂွမ်မော်က ဇန်နဝါရီ ၂ ရက်နေ့တွင် ထုတ်ဖော်ပြောဆိုလိုက်သည်။ **(RFA 020111)** [Read More...]
- မွန်လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် ဟံသာဝတီပြန်လည်ထူထောင်ရေးပါတီ **HRP** ဗဟိုဌာနချုပ်၌ ဇန်နဝါရီ ၂ ရက်နေ့ ညပိုင်းတွင် အာဏာသိမ်းမှုတစ်ရပ် ဖြစ်ပွားခဲ့ပြီး ယင်းအချိန်တွင် ဥက္ကဌသည် ထိုင်းနိုင်ငံ တစ်နေရာတွင် ရောက်ရှိ နေသည်ဟု အာဏာသိမ်းမှုတွင် အဓိကပါဝင်ခဲ့သူ ဗိုလ်မှူးတမော့ချမ်းက ပြောသည်။ **(Kaowao 030111)** [Read More...]
- ရှမ်းပြည်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်းရှိ အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်ဖွဲ့ **NDAA** ခေါ် မိုင်းလားတပ်ဖွဲ့၏ ထိန်းချုပ်တပ်စခန်းတစ်ခုအား နအဖကိုယ်စားလှယ်တစ်ဦးက စစ်ကြောင်းလှုပ်ရှားသွားလာရန် ခက်ခဲသည်ဟု အကြောင်းပြကာ တပ်ရုပ်ပေးရန် ပြောကြားခဲ့သည်ဟု မိုင်းလားတပ်ဖွဲ့အရာရှိ နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 030111)** [Read More...]
- ရှမ်းပြည်တောင်ပိုင်း နမ့်ဇန်မြို့နယ် ခိုလမ်မြို့နယ်ခွဲ၌ နအဖစစ်တပ်အင်အားများ တိုးချဲ့ခြင်းသည် ထိုင်းနယ်စပ်အခြေစိုက် တောင်ပိုင်း ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **UWSA** တပ်ကို တိုက်ခိုက်ရန် ပစ်မှတ်ထားခြင်း ဖြစ်နိုင်ကြောင်း ရှမ်းပြည်တပ်မတော် တောင်ပိုင်း **SSA-S** ခေါင်းဆောင် ဒု–ဗိုလ်ချုပ်ကြီး စဝ်ယွတ်စစ်က သုံးသပ်ပြောဆိုလိုက်သည်။ **(S.H.A.N 050111)** [Read More...]
- ဇန်နဝါရီ ၁ ရက်နေ့တွင် အမည်မသိ **UAV Unmanned Aerial Vehicle** မောင်းသူမဲ့ လေယာဉ်မျိုး ရှမ်းပြည်တောင်ပိုင်း (နအဖ၏ ရှမ်းပြည်လေတပ်စခန်းဌာနချုပ် တည်ရှိရာ) နမ့်ဇန်မြို့ ၌ တွေ့ရှိရ ကြောင်း ရှမ်းပြည်တပ်မတော် တောင်ပိုင်း **SSA-S** ခေါင်းဆောင် ဒုဗိုလ်ချုပ်ကြီး စဝ်ယွက်စစ်က ပြောသည်။ **(S.H.A.N 060111)** [Read More...]
- မြဝတီ–ကော့ကရိတ် ကားလမ်းပေါ်တွင် ဇန်နဝါရီလ ၇ ရက်နေ့က မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ခြင်းသည် ၎င်းတို့ ဆောင်ရွက်ချက်ဖြစ်ကြောင်း **DKBA** အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် စောလားဘွယ်က ထုတ်ဖော် ပြောဆိုလိုက်သည်။ **(RFA 080111)** [Read More...]
- စစ်အစိုးရ၏ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို လက်မခံသည့် မိုင်းလားတပ်ဖွဲ့ (ခေါ်) အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်ပေါင်းစု၏ ခံတပ်စခန်းအနီးသို့ ရှမ်းပြည်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် အခြေစိုက် နအဖ အမြောက်တပ်က ဇန်နဝါရီလ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် လက်နက် စမ်းသပ်သည်ဟုဆိုကာ ၁၅၅ မီလီမီတာ အမြောက်ဖြင့် ၁၅ ချက် ပစ်ခတ်ခဲ့ သည်။ **(BBC 080111)** [Read More...]

[နယ်ခြားစောင့်တပ် (သို့) ပြည်သူ့စစ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ]

- အပစ်ရပ်သျှမ်းတပ်ဖွဲ့မှ အသွင်ပြောင်းလိုက်သော ဆိုင်ကျော့ ပြည်သူ့စစ်၊ လွယ်ဖာကာလိပြည်သူ့စစ်နှင့် မိုင်းခေး ပြည်သူ့စစ်တို့အား နအဖက ကားလိုင်စင် အစီးရေ ၃၀ ထက်မနည်း ချပေးခဲ့ကြောင်း အမည်မဖော်လိုသည့် အဆိုပါ အသိုင်းအဝိုင်းက ပြောသည်။ **(S.H.A.N 070111)** [Read More...]

[နိုင်ငံရေးပါတီများ]

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **(SNDP)** က ပါတီပိုင် စီးပွားရေးလုပ်ငန်းမှ အစုရှယ်ယာပေါင်း ၁,၀၀၀,၀၀၀ ရောင်းချရန်ရှိပြီး ပါတီဝင်အင်အား ၁ သိန်းခန့်ရှိကာ အစုရှယ်ယာများကိုလည်း ပါတီဝင်များကိုသာ ရောင်းချမည်ဟု ပါတီဒုတိယဥက္ကဋ္ဌ ဦးဆောင်ဆီက ပြောသည်။ **(VOA 020111)** **Read More...**
- ချင်းအမျိုးသားပါတီ **CNP** ၏ ချင်းပြည်နယ် ဟားခါးတွင် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် **CNP** ညီလာခံ၌ လက်ရှိရင်ဆိုင်နေရသည့် ဝါးသုဦးမှုနှင့် ကီရိမုန်တိုင်းဒါဏ်ကြောင့် လူမှုအငတ်ဘေး ဒုက္ခကြုံတွေ့နေသည့် ချင်းပြည်သူအရေးကို အလေးအနက်ဆွေးနွေးကြမည်ဟု ပါတီအထွေထွေအတွင်းရေးမှူး ဆလိုင်းကျဲအိုဘိခ်ထောင်း က ပြောသည်။ **(Khonumthung 030111)** **Read More...**
- မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်မှုများကို လျှော့ပေါ့ပေးရန် ၂၀၁၀ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီသစ်များက ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်သည့် ၆၃ ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် လက်မှတ်ရေးထိုးတောင်းဆိုလိုက်သည်ဟု ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ပြောရေးဆိုခွင့်ရှိသူ ဦးလှမြင့်က ပြောသည်။ **(DVB 040111)** **Read More...**
- ရခိုင်ပြည်နယ် ရသေ့တောင် အမှတ် ၁ မဲဆန္ဒနယ်မြေမှ ပြည်နယ်လွှတ်တော်နေရာတွင် အနိုင်ရသူ ရခိုင်တိုင်းရင်း သားများတိုးတက်ရေးပါတီ **RNDP** ကိုယ်စားလှယ် ဦးလှမောင်သိန်းက ပြိုင်ဘက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ၏ စွပ်စွဲတိုင်ကြားချက်များမှ မဲရုံမှူးများ၊ မဲမသမာလုပ်ရပ်များသည် ၄င်းနှင့် တစုံတရာ မသက်ဆိုင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ **(Narinjara 050111)** **Read More...**
- ချင်းပြည်နယ် ကြွက်ဘေးနှင့် ကီရိမုန်တိုင်းဘေးအတွက် အကူအညီပေးရေးကို လာမည့်လွှတ်တော်၌ တင်သွင်း မသွင်း ကို ဦးစားပေးကိစ္စတစ်ရပ်အနေဖြင့် ချင်းအမျိုးသားပါတီ **CNP** က ဇန်နဝါရီ ၆ ရက်နေ့မှ ၃ ရက်ကြာပြုလုပ်မည့် ပါတီတွင်းမျက်နှာ စုံညီ အစည်းအဝေးတွင် ဆွေးနွေးမည်ဟု **CNP** အထွေထွေအတွင်းရေးမှူး ကျဲအိုဗစ်ထောင်း–**Ceu Bik Thawng** က ပြော သည်။ **(Mizzima 060111)** **Read More...**
- ချင်းအမျိုးသားပါတီ **(CNP)** မှ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ ၃ ရက်ကြာ ကျင်းပမည့် မျက်နှာစုံညီအစည်းအဝေးတွင် ပါတီကိုယ်စားလှယ်နှင့် ပါတီဝင် ၆၀ ခန့် တက်ရောက်ကာ အခြားတိုင်းရင်းသားပါတီများနှင့် မဟာမိတ်ဖွဲ့စည်းရေးကို ဦးစားပေးအကောင်အထည်ဖော်ရန် ဆွေးနွေးမည်ဖြစ်ကြောင်း **CNP** ဥက္ကဋ္ဌ ဦးဇိုဇမ်က ပြောသည်။ **(Irrawaddy 060111)** **Read More...**
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **AMRDP** မှ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသည့် ကိုယ်စားလှယ်လောင်း ၆ ဦး ပါလီမာန်တွင် ပါဝင်ရန်အတွက် နေပြည်တော်သို့ သွားမည်ဟု ပါတီ ဥက္ကဌ နိုင်ငွေသိန်းက ပြောသည်။ **(IMNA 070111)** **Read More...**
- ချင်းပြည်နယ် ဟားခါးမြို့တွင် ကျင်းပသည့် ချင်းအမျိုးသားပါတီ **CNP** မျက်နှာစုံညီ အစည်းအဝေး ဒုတိယနေ့ ဇန်နဝါရီလ ၇ ရက်နေ့တွင် ကော်မတီအသစ်များ ဖွဲ့စည်းနိုင်ခဲ့ပြီး ပါတီဖွဲ့စည်းပုံကိုလည်း ပြင်ဆင်မှုအချို့ပြုလုပ်ခဲ့ကြောင်း ပါတီတာဝန်ရှိသူများက ပြောသည်။ **(Mizzima 070111)** **Read More...**, **RFA...**
- ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **(RNDP)** မှ ပြည်နယ်လွှတ်တော် ဦးမောင်ကျော်သိန်းအား ရွေးကောက်ပွဲအတွင်း မဲမသာမာမှုရှိသည်ဆိုသည့် စွပ်စွဲချက်များဖြင့် တရားစွဲဆိုအပြီး ဇန်နဝါရီ ၇ ရက်နေ့တွင် ပြိုင်ဖက်ကိုယ်စားလှယ်များက နောက်ထပ် **RNDP** ရွေးကောက်ခံ ကိုယ်စားလှယ် ၅ ဦးကို ထပ်မံတရားစွဲဆိုလိုက်သည်ဟု ပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။ **(VOA 070111)** **Read More...**
- အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီအနေဖြင့် မကြာမီခေါ်ယူမည့် လွှတ်တော်တွင် ဥပဒေမူကြမ်း တင်သွင်းရန်လွှတ်တော်ရေးရာ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားပြီး ဥပဒေမူကြမ်းရေးဆွဲရေးအတွက် ကြိုတင်ပြင် ဆင်မှုများ စတင်ပြုလုပ်နေကြောင်း၊ ကော်မရှင်မှ ထုတ်ပြန်လာမည့်လမ်းညွှန်ချက်များကို စောင့်ဆိုင်းနေကြောင်း **NDF** အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏစိုးက ပြောသည်။ **(DVB 070111)** **Read More...**

## မီဒီယာအခန်းကဏ္ဍ

- ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန် မိုင်နီချီသတင်းစာတွင် လွန်ခဲ့သော ၁၃ နှစ်ကျော်အထိ မပြတ်ရေးသားခဲ့သည့် မြန်မာပြည်မှ ပေးစာများ **(Letters from Burma)** ဆောင်းပါးကဏ္ဍတွင် ပြန်လည်ရေးသားသည့် ပထမဆုံးဆောင်းပါး



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

အဖြစ် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ထုတ် သတင်းစာတွင် ''အတိတ်ကိုလည်ပြန်ကြည့်ရင်း အနာဂါတ်ကို ဦးတည်'' ဟု အဓိပ္ပါယ်ရသည့် **'Looking Back˜ Looking Forwards'** ဆောင်းပါးကို ဖော်ပြထားသည်။ **(RFA 020111)** Read More...

- မြန်မာနိုင်ငံတွင် ဒီမိုကရေစီပေါ်ထွန်းရေးအတွက် နအဖစစ်အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေး အဖြေရှာရာတွင် ဂျပန်အစိုးရ၏ အခန်းကဏ္ဍသည် အရေးကြီးသည်ဟု ဂျပန်နိုင်ငံတွင် ဝုဏ်သိက္ခာကြီးမားသည့် မိုင်းနီချီ သတင်းစာကြီး၏ အယ်ဒီတာတစ်ဦးက သုံးသပ်ရေးသားလိုက်သည်။ **(DVB 060111)** Read More...
- မြန်မာနိုင်ငံအတွင်းရှိ သတင်းဂျာနယ်အသီးသီးမှ သတင်းထောက်များအား အကာအကွယ် အကူအညီပေးရန် အတွက် အဖွဲ့တစ်ဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် သတင်းဂျာနယ် အယ်ဒီတာများစုစည်းပြီး ဖွဲ့စည်းနိုင်ရန် စတင် လုံးပမ်းနေပြီဖြစ်သည်။ **(VOA 080111)** Read More...

## ပြည်သူနှင့် လူထုအခြေပြုအဖွဲ့အစည်းများ

- **"**နိုင်ငံငြိမ်းချမ်းရေးအတွက် ညီညွတ်ရေး တည်ဆောက်ရန် လိုသည်**"** ဟု စာရေးဆရာကြီး ဒဂုန်တာရာက ရန်ကုန် ပန်းဆိုးတန်းတွင် ဇန်နဝါရီ ၄ ရက်နေ့က ပြုလုပ်ခဲ့သည့် နှစ်သစ်ကူးနှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် စာရေးဆရာများနှင့် မိတ်ဆုံစားပွဲ၌ ပြောဆိုခဲ့ကြောင်း သတင်းစာဆရာကြီး ဦးဝင်းတင် (ဟံသာဝတီ) က ပြောသည်။ **(Mizzima 050111)** Read More...
- မြန်မာပြည်သူ ပြည်သားများအနေဖြင့် လွတ်လပ်ရေး၏ အနှစ်အရသာကို အမှန်တကယ် အပြည့်အဝ ခံစားနိုင်ခြင်း မရှိသေးသကဲ့သို့ နိုင်ငံအတွက် လူထုစိတ်ကြိုက် တင်မြှောက်သည့် အစိုးရတစ်ရပ်ရှိရန် လိုအပ်နေဆဲဖြစ်နေသည်ဟု ဝါရင့်နိုင်ငံရေးသမားကြီးများက ဇန်နဝါရီ ၄ ရက်နေ့တွင်ကျရောက်သည့် ၆၃ နှစ်မြောက် လွတ်လပ်ရေးနေ့၌ ပြောဆို လိုက်သည်။ **(VOA 040111)** Read More...
- သုံးရောင်ခြယ် အလံတော်သစ်ကို ပြည်သူအများစုက စိတ်မဝင်စားခြင်းကြောင့် ဇန်နဝါရီလ ၄ ရက်နေ့က ကျရောက်သည့်လွတ်လပ်ရေးနေ့တွင် ရန်ကုန်နှင့် မန္တလေး မြို့ကြီးရှိ အစိုးရရုံး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာရုံးနှင့် ဘတ်စ်ကားများတွင်သာ အနည်းအကျဉ်း လွှင့်ထူကြပြီး အိမ်ခြေ ၁၀၀ တွင် ၈၀ ခန့်က လွှင့်ထူခြင်းမရှိဟု ဒေသခံများက ပြောသည်။ **(VOA 050111)** Read More...

- မကွေးတိုင်း၊ အောင်လံမြို့နယ်အတွင်းရှိ လယ်ယာမြေများ မတရားသိမ်းယူခဲ့သဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် **ILO** ထံ တိုင်းတန်းခဲ့သောကြောင့် စိုက်ပျိုးထားသည့်သီးနှံများ ဝင်ရောက်ရိတ်သိမ်းခွင့် မပြုသော လက်တုံ့ပြန်အရေးယူခြင်းသည် စစ်အစိုးရနှင့် **ILO** အကြား သဘောတူညီချက်ကို ချိုးဖောက်ရာ ရောက်သည်ဟု လယ်သမားအရေး ကူညီနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** စမ်းချောင်းမြို့နယ် ဥက္ကဋ္ဌ ဦးသက်ဝေက ပြောသည်။ **(RFA 050111)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲတွင် မြန်မာပြည်သူများအနေဖြင့် မဲပေးပိုင်ခွင့်နှင့်ပတ်သက်၍ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု အများဆုံးဟု လူ ၃ သောင်းကျော် ကို တစ်နှစ်ကြာ စစ်တမ်းကောက်ခဲ့သည့် ပြည်တွင်းအခြေစိုက် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများ ကွန်ယက် **HRDP** ၏ ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။ **(Mizzima 060111)** Read More...
- ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်အတွင်းတွင် နိုင်ငံတော်နှင့် စီးပွားရေးကုမ္ပဏီကြီး ၁၁ ခု အကျိုးတူပူးပေါင်း ဆောင်ရွက်မည်ဟုဆိုကာ လယ်မြေများ သိမ်းယူခဲ့သည့်အတွက် တောင်သူလယ်သမား ၂၀၀ ကျော်တို့က သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အရှေ့ပိုင်းခရိုင်ရုံးရှေ့တွင် ဇန်နဝါရီ ၆ ရက်နေ့နံနက် ၁၀ နာရီမှ စတင်ကာငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြကာ သိမ်းယူထားသော လယ်မြေများကို ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့သည်ဟု ဆန္ဒပြတောင်သူတစ်ဦးက ပြောသည်။ **(Irrawaddy 060111)** Read More...



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

## ဘာသာရေးအဖွဲ့အစည်းများ

- လွှတ်လပ်ရေး၏ အနှစ်သာရများကို အမှန်တကယ် ခံစားနိုင်ရန်အတွက် ပြည်သူလူထုတရပ်လုံးနှင့် အတိုက်အခံအင်အားစုများ အားလုံး ညီညီညွတ်ညွတ်နှင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သွားကြရန် လိုအပ်နေသည်ဟု ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်သည့် ၆၃ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သံဃာ့တပ်ပေါင်းစုက တိုက်တွန်းလှုံ့ဆော်လိုက်သည်။ **(RFA 040111)** **Read More...**
- စစ်အစိုးရမှ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များကို ဘွဲ့တံဆိပ်များ ချီးမြှင့်နေခြင်းမှာ နိုင်ငံရေးအရ အကျိုးအမြတ်ရှာနေခြင်းဖြစ်ပြီး အထူးသဖြင့် ဩဇာကြီးမားသည့် ဆရာတော်များကို ယင်းသို့ချီးမြှင့်ခြင်းသည် ၂၀၀၇ ခုနှစ် သံဃာ့အရေးအခင်းတွင် ကျရှုံးခဲ့သည့် ဘာသာရေးဩဇာကို ပြန်လည် အဖတ်ဆည်ရန် ကြိုးစားခြင်းဖြစ်သည်ဟု အိန္ဒိယနိုင်ငံ နယူးဒေလီရှိ ရွှေဝါရောင်ကျောင်းတိုက် ဆရာတော် ဦးပညာဇောတက မိန့်ကြားလိုက်သည်။ **(Mizzima 050111)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- စစ်အစိုးရဘက်မှ လုပ်ဆောင်နေသော နိုင်ငံရေးနှင့် လူ့အခွင့်အရေး အခြေအနေများသည် တိုးတက်မှုများမရှိသည့်အတွက် အမေရိကန်၏ မူဝါဒဖြစ်သော ထိတွေ့ဆက်ဆံမှုများလည်း ရှေ့မတိုးနိုင်ဘဲ ဖြစ်နေရသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ မာ့ခ် တုန်နာ **(Mark Toner)** က ဇန်နဝါရီ ၆ ရက်နေ့က ပြုလုပ်ခဲ့သော ဝါရှင်တန်မြို့ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ **(VOA 060111)** **Read More...**

### (ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- လွန်ခဲ့သည့် ၂၀၁၀ ခုနှစ် သကြင်္န်ကာလ ဗုံးကွဲမှုတွင် သံသယများနှင့် ဖမ်းဆီးခံထားရသူ ကိုဖြိုးဝေအောင်ကို မျှတသော တရားခွင်ဖြစ်စေရန် စသည့်အကျဉ်းသားတစ်ဦး၏ အခွင့်အရေးများနှင့်ပတ်သက်ပြီး ကြားဝင်ကိုင်တွယ် ဆောင်ရွက်ပေးရန် **ALRC** ခေါ် အာရှဒေသဥပဒေရေးရာဌာနမှ ကုလသမဂ္ဂလူ့အခွင့်အရေးအရာရှိများထံသို့ စာရေးပေးပို့တောင်းဆိုလိုက်သည်။ **(VOA 050111)** **Read More...**
- ထိုင်း–မြန်မာ နယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညှိနှိုင်းပေါင်းအဖွဲ့ **(TBBC)** သည် ထပ်မံရောက်ရှိလာသည့် ဒုက္ခသည်များအတွက် တာဝန်ယူနေရခြင်းအပါအဝင် ရန်ပုံငွေအခက်အခဲကြောင့် မြန်မာဒုက္ခသည်များကို ထောက်ပံ့ပေးနေသည့် လူသားချင်း စာနာမှုဆိုင်ရာအကူအညီများကို ၂၀၁၁ ခုနှစ်တွင် လျှော့ချ ဖြတ်တောက်မည်ဖြစ်ကြောင်း ဇန်နဝါရီလ ၄ ရက်နေ့တွင် ထုတ်ပြန်သော **TBBC** ၏ သတင်းလွှာ၌ ဖော်ပြထားသည်။ **(Irrawaddy 060111)** **Read More...**

---

***End of report/ Saturday, January 08, 2011***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA